
## လိပ်ရင်ဘတ်

Scientific name - *Trianthema portulacastrum* L.

Common name - Horse purslane

Family - Aizoaceae




အပင်ပုံသဏ္ဍာန်

အရည်ရွှမ်း၍ မြေပြင်၌ကပ်ပေါက်သည့် တစ်နှစ်ခံအပင်မျိုးဖြစ်သည်။ ပင်စည်သည် ၁၀ - ၄၀ စင်တီမီတာရှည်ပြီး အစိမ်းရောင် သို့မဟုတ် ခရမ်းရောင်ရှိသည်။ အဆစ်တိုင်းမှ ကိုင်းများစွာဖြာထွက်ပြီး ပင်စည်တုတ်ခိုင်၍ ပျော့ပျောင်းချောမွတ်သည်။ အရွက်ထွက်ပုံမှာ ရွက်ဆိုင်ဖြစ်၍ တစ်ခုကြီးတစ်ခုသေးဖြစ်သည်။ ပန်းခိုင်သည် ကြားထွက်ထီးတည်းပန်းခိုင်ဖြစ်သည်။ ပွင့်ညှာကင်းမဲ့သည်။ အများအားဖြင့် ပွင့်ချပ် မပါဘဲ ပွင့်ဖတ် ၅ ခုပါရှိပြီး အဖြူရောင် သို့မဟုတ် ပန်းနုရောင်ရှိသည်။ အသီးသည် ရှည်၍ အက်ကွဲသီးဖြစ်ပြီး အသီး၏ထိပ်တွင် အမွေးရှည်တစ်ခုပါရှိသည်။ အစေ့သည်အနက်ရောင်ရှိပြီး ၃-၅စေ့ သို့မဟုတ် ၁၀စေ့အထိ တွေ့နိုင်ပြီး ပြား၍ကျောက်ကပ်ပုံရှိသည်။ အစေ့အားဖြင့်မျိုးပွားသည်။